
တနစ်ရှင်
(တန်ယာန်)
ဘီလျံနာသူဌေးမ
ဘာသာပြန်-Phoenix Community
စာစဉ်(၁၄)

# အခန်း (၁၃၁)

# ပျားရည်ဆမ်းခရီး ပြဿနာများ

*

ယခုနှစ်၏ နွေဦးပွဲတော် (တရုတ်နှစ်သစ်ကူး) မှာ ဖေဖော်ဝါရီလ အစောပိုင်းတွင် ကျရောက်လေသည်။

တရုတ်နိုင်ငံသို့ ပြန်ရောက်လာပြီးနောက် တန်ယန်သည် အေးအေးလူလူပင် နေထိုင်ခဲ့၏။ သူမသည် နေ့စဉ် ဝတ္ထုရေးခြင်း၊ စာဖတ်ခြင်း သို့မဟုတ် ခွေးလေးများနှင့် ဆော့ကစားခြင်းဖြင့်သာ အချိန်ကုန်လွန် စေခဲ့သည်။

မိသားစုဝင် အားလုံးမှာလည်း အသီးသီး အလုပ်ရှုပ်နေကြချေပြီ။

တန်ယန့်ဖခင်က ကုမ္ပဏီကိစ္စများဖြင့် မအားမလပ် ဖြစ်နေစဉ် တန်ယန့်မိခင်မှာမူ တန်ချင်းရှဲ့နှင့်အတူ မင်္ဂလာဆောင် ပစ္စည်းများ ဝယ်ယူရန်

လိုက်ပါကူညီ ပေးနေရသည်။ ဟုတ်ပါသည်၊ တန်ချင်းရွဲ့တစ်ယောက် လက်ထပ်တော့မည်ဖြစ်ရာ မင်္ဂလာရက်ကို လဆန်းရှစ်ရက်နေ့ဟု သတ်မှတ်ထားကြ၏။

ထိုသတင်းကို သိပြီးနောက် တန်ယန်က တန်ယွဲ့ဂျားလေး၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေကို အထူးတလည် စောင့်ကြည့်မိသော်လည်း သူမ၏ စိုးရိမ်မှုမှာ အပိုသာဖြစ်ကြောင်း သိလိုက်ရသည်။ ကလေးမလေးမှာ သူမ၏မိခင်ကို မနက်ဖြန်ပင် လက်ထပ်စေချင်နေသည့်အလား မင်္ဂလာဆောင်ပစ္စည်းများ ရွေးချယ်ရာတွင် တက်တက်ကြွကြွနှင့် ပါဝင်ကူညီနေပေသည်။

တန်ချင်းရွဲ့ လက်ထပ်သွားပြီး မိသားစုတွင် လူနှစ်ယောက် လျော့သွားမည်ကို တွေးမိတိုင်း တန်

ယန် စိတ်မကောင်း ဖြစ်မိသော်လည်း ၎င်းတို့၏ အိမ်သစ်မှာ ထန်ရပ်ကွက် အတွင်းမှာပင် ရှိနေသည်ဟု သိရသဖြင့် အနည်းငယ် စိတ်သက်သာရာ ရသွားတော့သည်။

ယန်ဝေ့ကျိန်းသည် သူ၏ ကုမ္ပဏီအနီးရှိ အဆင့်မြင့် ထန်ရပ်ကွက်တွင် အိမ်တစ်လုံး ပိုင်ဆိုင်ထားသော်လည်း တန်ယွဲ့ဂျားက ထိုအရပ်သို့ မပြောင်းရွှေ့လိုပေ။ ထို့ကြောင့် အားလုံးညှိနှိုင်းတိုင်ပင်ပြီးနောက် တန်ချင်းရွှဲ့ အမည်ပေါက်ဖြင့်ရှိသော ဗီလာသို့သာ ပြောင်းရွှေ့နေထိုင်ရန် ဆုံးဖြတ်လိုက်ကြသည်။

ယန်ဝေ့ကျိန်း၏ လိုက်လျောညီထွေ ရှိမှုအပေါ် တန်ယန့်မိဘများက အလွန်ပင် စိတ်ကျေနပ်မှု ရှိကြလေသည်။

မင်္ဂလာပွဲကို အကျဉ်းရုံးသာ ပြုလုပ်မည် ဖြစ်သဖြင့် ဧည့်သည်အများအပြား မဖိတ်ကြားဘဲ မိသားစုနှစ်ဖက်မှ ဆွေမျိုးများဖြင့်သာ ထမင်းတစ်နပ် အတူစားရန် စီစဉ်ထားသည်။ ထို့ကြောင့် မင်္ဂလာပွဲကို ဝေယီစားသောက်ဆိုင်တွင် ကျင်းပရန် ဆုံးဖြတ်ခဲ့ကြ၏။

ထို့အပြင် တန်ယန်သည် ဝေယီစားသောက်ဆိုင်ကို လဆန်းရှစ်ရက်နေ့တွင် လုပ်ငန်းများ ခေတ္တရပ်နားထားရန်နှင့် ပြင်ပဧည့်သည်များကို လက်မခံရန်လည်း ညွှန်ကြားထားခဲ့သည်။

နောက်ထပ် နွေဦးပွဲတော် တစ်ခုသို့ ရောက်ရှိလာပြန်ရာ တန်ယန်မှာလည်း တစ်နှစ်ကြီးသွားခဲ့ချေပြီ။ နောက်ထပ် လေးလမပြည့်မီ အချိန်တွင် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဖြေဆိုရတော့

မည်ကို တွေးမိကာ အချိန်တွေ ကုန်ဆုံးသွားသည်မှာ မြန်ဆန်လွန်းလှသည်ဟု သူမတိတ်တဆိတ် အံ့ဩနေမိသည်။

တန်ယန်သည် တန်ချင်းရှဲ့အတွက် မင်္ဂလာလက်ဆောင်အဖြစ် ၎င်းတို့နှစ်ဦး အတူတူပိုင်ဆိုင်သော ဆိုင်နှစ်ဆိုင်၏ ရှယ်ယာအားလုံးကို ပေးအပ်ခဲ့သည်။ သူမ၏ မူလရည်ရွယ်ချက်မှာ တန်ချင်းရှဲ့ကို အိမ်ရှင်မဘဝမှ ရုန်းထွက်စေကာ ပြင်ပလောက၏ စိတ်လှုပ်ရှား ဖွယ်ရာများကို မြင်တွေ့နိုင်မည့် ကိုယ်ပိုင်အလုပ်တစ်ခုဖန်တီးပေးရန် ဖြစ်ပေသည်။

ယခုအခါ သူမ၏ ကြိုးစားမှုကြောင့် ဆိုင်နှစ်ဆိုင်လုံးမှာ အောင်မြင်ဖြစ်ထွန်းနေပြီ ဖြစ်ရာတန်ယန်၏ ဆန္ဒမှာလည်း ပြည့်ဝသွားခဲ့ပြီ

ဖြစ်သည်။

လဆန်းရှစ်ရက်နေ့ ရောက်သောအခါ တန်ချင်းရွှဲ့သည် အနီရောင် တရုတ်ရိုးရာ မင်္ဂလာဝတ်စုံကို ဆင်မြန်းကာ တန်မိသားစုဗီလာမှ သူမအမည်ပေါက် ဗီလာအိမ်သစ်ဆီသို့ ထွက်ခွာသွားခဲ့လေသည်။

အကွာအဝေးမှာ မီတာရာဂဏန်းမျှသာ ရှိသော်လည်း ယန်ဝေ့ကျိန်းက သူမကို ရင်ခွင်ထဲပိုက်ကာ တစ်လှမ်းချင်း ချီပိုးသွားခဲ့သည်။ သူမသည် သူ၏ရင်ခွင်ထဲမှနေ၍ သူ၏မျက်ဝန်းများကို စိုက်ကြည့်နေမိ၏။ ထိုခဏ၌ သူမသည် သူ၏ကမ္ဘာတစ်ခုလုံး ဖြစ်နေပေတော့သည်။

ယန်ဝေ့ကျိန်း၏ မိဘများမှာလည်း သားဖြစ်သူ၏ မင်္ဂလာပွဲသို့ တက်ရောက်ရန် H မြို့တော်မှ

ရောက်ရှိလာကြသည်။ တန်ယန်အနေဖြင့် သူ၏မိသားစုနှင့် ပထမဆုံးအကြိမ် ဆုံတွေ့ဖူးခြင်းဖြစ်ပြီး ၎င်းတို့မှာ အလွန်ပင် သဘောကောင်းကြသည်ဟု ထင်မြင်မိသည်။

ယန်ဇနီးမောင်နှံသည် သူတို့၏ အငယ်ဆုံးသားဖြစ်သူ နောက်ဆုံးတွင် အိမ်ထောင်ကျသွားသည်ကို မြင်တွေ့ရသောအခါ ဝမ်းသာပီတိ မျက်ရည်များ ဝဲလာကြ၏။ တစ်ချိန်က သူတို့သားလေးမှာ တစ်ဦးတည်း အထီးကျန်စွာ အိုမင်းသွားတော့မည်ဟု အမှန်တကယ် ယုံကြည်ခဲ့ဖူးသည်။ ကံကောင်းစွာဖြင့် သူချစ်မြတ်နိုးရသူနှင့် ဆုံတွေ့ခွင့်ရခဲ့ပြီဖြစ်ရာ သူတို့ဇနီးမောင်နှံလည်း စိတ်အေးသွားရချေပြီ။

တန်ချင်းရှဲ့၏ မင်္ဂလာပွဲ ပြီးစီးသည်မှာ သုံးရက်

ရှိခဲ့ပြီ ဖြစ်သည်။ ဇနီးမောင်နှံနှစ်ဦးမှာ ဟန်းနီးမွန်း ခရီးထွက်ရန် ပြင်ဆင်နေကြသော်လည်း တန်ယွဲ့ကျားမှာမူ သူတို့နှစ်ဦး၏ အချိန်များကို မနှောင့်ယှက်လိုသဖြင့် အိမ်သို့မပြန်တော့ဘဲ တန်မိသားစုအိမ်တွင်သာ နေထိုင်မည်ဟု အကြောင်းပြချက် ပေးနေလေသည်။

တန်ယန့်မိခင်က ပြုံးလျက် တန်ယွဲ့ကျား၏ ခေါင်းလေးကို ပွတ်သပ်ပေးကာ တန်ချင်းရွှဲ့တို့ ဇနီးမောင်နှံကို ဘာမှပူပန်စရာမလိုဘဲ စိတ်အေးလက်အေး အနားယူရန်နှင့် ကျားကျားလေးကို သူမ ကောင်းကောင်း စောင့်ရှောက်ထားမည် ဖြစ်ကြောင်း ပြောကြားလိုက်၏။

"ဟုတ်တယ်၊ အားလပ်ရက် တစ်လျှောက်လုံး စန္ဒရားကို သေချာ မကျင့်ရသေးဘူး၊ အစ်မက

သမီးကို ဆူတော့မှာ"

တန်ယွဲ့ဂျားက နှာခေါင်းလေးရှုံ့ကာ ညှော်ခန်း တစ်ဖက်ရှိ စန္ဒရားကိုကြည့်ရင်း မျက်မှောင်ကြုတ်ကာ ပြောလေသည်။

"သမီးလေးရဲ့... သမီး ခရီးသွားချင်တယ်ဆို၊ ဒီ တစ်ခေါက် မေမေနဲ့ ဦးဦးယန်တို့နောက်ကို လိုက်ခဲ့ပါလား"

တန်ချင်းရွှဲ့သည် သမီးဖြစ်သူနှင့် တစ်ခါမျှ မခွဲ ဖူးသဖြင့် ထားခဲ့ရန် စိတ်မချနိုင် ဖြစ်နေ၏။

"မေမေရယ်... သမီးက ကလေးမဟုတ်တော့ ဘူး၊ ဘယ်သူက မေမေ့ကိုပဲ အမြဲကပ်နေမှာလဲ ပြီးတော့ သမီးက အဒေါ်တို့အိမ်မှာပဲ ရှိနေတာ၊ တစ်ယောက်တည်းမှ မဟုတ်တာ မေမေတို့ပဲ ဟ န်းနီးမွန်းသွားပြီး သမီးအတွက် မောင်လေးတစ်

ယောက်လောက် ရအောင်ယူခဲ့ပေးပါ"

"ဂျားဂျား မေမေ မောင်လေးယူမယ်လို့ ဘယ်သူ ပြောလဲ မေမေ့မှာ သမီးရှိတာနဲ့ ပြည့်စုံနေပါပြီ"

တန်ယွဲ့ဂျားက မောင်လေးတစ်ယောက် လိုချင်သည်ဟု ပြောလိုက်သောအခါ တန်ချင်းရွှဲ့၏စိတ်ထဲ ဗလာဖြစ်သွားရသည်။ တစ်စုံတစ်ယောက်က ကလေးမလေးကို တစ်ခုခု ပြောလိုက်၍သာ ထိုသို့ပြောခြင်း ဖြစ်မည်ဟု သူမ တွေးမိလေသည်။

"ချင်းရွှဲ့... စိတ်မလှုပ်ရှားပါနဲ့ဦး"

ယန်ဝေ့ကျိန်းက တန်ချင်းရွှဲ့၏ ပုခုံးကို အသာအယာ ဖက်ထားရင်း နှစ်သိမ့်ပေးလိုက်၏။

"မေမေ... ဒါကို ဘယ်သူမှ ပြောတာမဟုတ်ပါ

ဘူး အစ်မတန်ယန်မှာ တန်ယွီဆိုတဲ့ မောင်လေး ရှိသလိုမျိုး သမီးလည်း အနိုင်ကျင့်ဖို့ မောင်လေး တစ်ယောက်လောက် လိုချင်လို့ပါ အပြင်သွားပြီး ပစ္စည်းဝယ်ရမှာ ပျင်းတဲ့အခါ မောင်လေးကို ခိုင်း လို့ရတာပေါ့ မေမေက ဘာလို့ ဒီလောက်တောင် စိတ်ဆိုးနေရတာလဲ"

သူမ၏မိခင် ဘာကြောင့် ရုတ်တရက် စိတ်မ ကောင်း ဖြစ်သွားသည်ကို တန်ယွဲ့ကျား လုံးဝနား မလည်နိုင် ဖြစ်နေချေသည်။

တန်ယွဲ့ကျား၏ ရှင်းပြချက်ကို ကြားရမှ တန်ချင်း ရွှဲ့ သက်ပြင်းချနိုင်တော့သည်။

"မေမေက သမီးကို အိမ်မှာတစ်ယောက်တည်း ထားခဲ့ရမှာ စိုးရိမ်လို့ စိတ်နည်းနည်း လှုပ်ရှား သွားတာ တကယ်လို့ ကျားကျား တကယ်မသွားချင်

ဘူးဆိုရင် မသွားနဲ့တော့လေ၊ မေမေနဲ့ ဦးဦးတို့လည်း မသွားတော့ဘူး"

ယန်ဝေ့ကျိန်းက ခေါင်းခါလိုက်မိ၏။ အခြေအနေမှာ ဤကဲ့သို့ ဖြစ်လာမည်ကို သူကြိုတင် သိရှိထားပြီးသားပင်။ သို့သော် ဤအချက်သည်ပင် သူမကို အချစ်ဆုံး အချက်များထဲမှ တစ်ခုဖြစ်သည်။ မိမိချစ်ရသူအတွက် အရာအားလုံးကို ပုံအောပေးဆပ်တတ်သည့် သူမ၏စိတ်ထားမှာ အသည်းယားစရာ ကောင်းလောက်အောင်ပင် နူးနယ်လှပေသည်။

"ဒါဆိုရင်လည်း အခုလောလောဆယ် မသွားဘဲ နေကြတာပေ့ါ၊ နောက်မှ အခွင့်ကြုံရင် အတူတူသွားကြတာပေ့ါ"

ဟု သူပြောရန် ပြင်လိုက်သော်လည်း စကားမ

ဆုံးမီမှာပင် တန်ယန်က ကြားဖြတ် ပြောဆိုလိုက်သည်။

"အဒေါ်... လူတိုင်းရဲ့ဘဝက ကိုယ်ပိုင်ပဲလေ၊ ပြီးတော့ ဂျားဂျားက အဒေါ်အတွက် ဘယ်တုန်းကမှ ဝန်ထုပ်ဝန်ပိုး မဖြစ်ခဲ့ပါဘူး"

တန်ချင်းရွှဲ့မှာ နှာခေါင်းလေး တရှုံ့ရှုံ့နှင့် မျက်ရည်များ ဝဲတက်လာကာ

"ဂျားဂျားကို ဝန်ထုပ်ဝန်ပိုးလို့ မေမေတစ်ခါမှ မတွေးဖူးပါဘူး၊ သမီးက မေမေ့ရဲ့ ရင်နှစ်သည်းချာလေးပါ"

ဟု ပြောရှာသည်။

ယန်ဝေ့ကျိန်းက ဇနီးဖြစ်သူ၏ ပုခုံးကိုဖက်ထားရင်း ချော့မော့သည့် အနေဖြင့် ကျောလေးကို အသာအယာ ပွတ်သပ်ပေးကာ

"ဒီနေ့ကစပြီး ဂျားဂျားက ကိုယ်တို့နှစ်ယောက်လုံးရဲ့ အသည်းကျော်လေး ဖြစ်သွားပြီလေ၊ မငိုပါနဲ့တော့"

ဟု ဆိုလေသည်။

တန်ယွဲ့ဂျားက အနားသို့ လျှောက်သွားပြီး တန်ချင်းရွှဲ့၏ ခါးကိုဖက်လိုက်၏။

"မေမေ မငိုပါနဲ့တော့၊ မေမေငိုရင် သမီးလည်း ငိုချင်လာလို့"

ယန်ဝေ့ကျိန်းက တန်ယွဲ့ဂျား၏ ခေါင်းလေးကို ပုတ်ပေးလိုက်ရင်း

"ဂျားဂျားလေးရေ... မေမေ့ကို မရယ်ပါနဲ့ဦး၊ မေမေက ဂျားဂျားနဲ့ မခွဲနိုင်လို့ပါ" ဟု ပြောလိုက်သည်။

တန်ယွဲ့ဂျားက မော့ကြည့်ကာ

"ဒါပေမဲ့ သမီးတို့က ခွဲကြတာမှ မဟုတ်တာ မေမေက ဦးဦးနဲ့အတူ အပြင်ကို ရက်နည်းနည်း ပဲ သွားတာလေ၊ ပြီးရင် ပြန်လာမှာပဲကို"

သမီးဖြစ်သူ၏ စကားကိုကြားမှ တန်ချင်းရွှံ့ လည်း သူမကိုယ်သူမ စိတ်ကူးယဉ်လွန်းနေသည် ဟု ခံစားလိုက်ရသည်။ ထို့ကြောင့် အားနာဟန် ဖြင့်

"ဒါဆိုရင် ဂျားဂျားက အဒေါ်တို့အိမ်မှာ ရက် နည်းနည်းလောက် နေခဲ့နော် မေမေနဲ့ဦးဦး ပြန်လာရင် လက်ဆောင်ဝယ်ခဲ့မယ်၊ ဟုတ်ပြီ လား"

တန်ယွဲ့ဂျား၏ မျက်ဝန်းလေးများမှာ ချက်ချင်း ပင် တောက်ပသွားပြီး

"ဟုတ်ကဲ့"

ဟု ဖြေလေသည်။ သူမသည် လက်ဆောင်ရသည်ကို အနှစ်သက်ဆုံး ဖြစ်၏။

"ဝုဝု"

တန်ယန် အရင်က ကောက်ရခဲ့သော ခွေးလေးမှာ တန်ယွဲ့ဂျား၏ ခြေထောက်နားသို့ ပြေးလာပြီး ပတ်ချာလည် ဆော့ကစားနေလေသည်။

"ဒိုဒို..."

တန်ယွဲ့ဂျားက ဒူးထောက် ထိုင်ချလိုက်ပြီး ခွေးလေးကို ပွေ့ဖက်လိုက်သည်။

"နင်က ဘယ်ကနေ ရောက်လာတာလဲ"

ဒိုဒိုဆိုသည်မှာ တန်ယွဲ့ဂျားက ထိုခွေးလေးကို ပေးထားသည့် အမည်ဖြစ်သည်။ အာဟာရဖြည့်စွက်စာများ တိုက်ကျွေးပြီးနောက်တွင် ထိုခွေးလေးမှာ သိသိသာသာ ပြန်လည် ကျန်းမာ

လာပြီး အလွန်ပင် သွက်လက် တက်ကြွနေပေတော့သည်။

တန်ယွဲ့ဂျားက သူမဘာသာ ရေရွတ်လိုက်၏။

"နင် ဗိုက်ဆာနေတာလား အာ... နေဦး၊ ငါ ခုနကမှ စားပြီးတာပဲလေ နင်က ငါနဲ့အတူ အပြင်မှာ ထွက်ဆော့ချင်လို့လား"

ဒိုဒိုက သူမ၏အမေးကို ပြန်ထူးသည့်အလား နှစ်ချက်မျှ ဟောင်ပြလေသည်။

"အိုကေ... ဒါဆို ငါနင့်ကို အပြင်ခေါ်သွားပြီး ခဏဆော့ပေးမယ်"

တန်ယွဲ့ဂျားက တန်ချင်းရွှဲ့နှင့် ကျန်သူများကို လှည့်ကြည့်ကာ

"မေမေ၊ ဦးဦးယန်... သမီး ဒိုဒိုကို အပြင်ခေါ်သွားပြီး ခဏဆော့လိုက်ဦးမယ် မေမေတို့က ပြန်

ပြီး အိတ်တွေပြင်ထားကြလေ၊ သမီးရဲ့ ပစ္စည်းတွေကိုလည်း မေမေပဲ သိမ်းပေးထားနော်"

"ဂျားဂျားလေး... ဒိုဒိုနဲ့ သွားဆော့ချင်ဆော့လေ"

တန်ယန့်မိခင်က တန်ယွဲ့ဂျား၏ ခေါင်းလေးကို အသည်းယားစွာ ပုတ်ပေးလိုက်သည်။ သူမ၏ မျက်ဝန်းများထဲတွင်မူ ချစ်ခြင်းမေတ္တာများ ပြည့်လျှံနေ၏။ ဤကလေးမလေးမှာ အလွန်ပင် အလိုက်သိလွန်းလှသဖြင့် ကြည့်ရသူအဖို့ ရင်ထဲတွင် တဆစ်ဆစ်နှင့် သနားစရာ ကောင်းလှပေသည်။

တန်ယန်သည် တန်ယွဲ့ဂျားကိုခေါ်၍ ဒိုဒိုနှင့် အတူ ဆော့ကစားရန် အပြင်သို့ ထွက်လာခဲ့သည်။ ထိုသို့ထွက်လာစဉ် 'ယိတျန်တျန်' ကိုလည်း အဖော်အဖြစ် ခေါ်ခဲ့သည်။ 'ဂျင်နရယ်'

ကမူ နှစ်သစ်ကူး မတိုင်မီကပင် လောင်ဝေအန်း နှင့်အတူ လိုက်ပါသွားခဲ့ချေပြီ။

အိမ်ထဲတွင်မူ တန်ချင်းရွှဲ၏ မျက်ဝန်းများထဲမှ စိုးရိမ်ပူပန်မှုများမှာ ပျောက်ကွယ်မသွားသေးပေ။ အမြဲတမ်း ကြွံကြွံခံတတ်သော ထို အမျိုးသမီးသည်ပင် သမီးဖြစ်သူ၏ ရှေ့တွင်မူ မျက်ရည်များကို ထိန်းထားနိုင်ခြင်း မရှိတော့ချေ။ ဤသည်မှာ ယန်ဝေ့ကျိန်းက သူမ၏ ဘဝထဲသို့ ယူဆောင်လာပေးခဲ့သည့် ပြောင်းလဲမှုတစ်ခုဟု ဆိုရပေမည်။ သူမသည် တင်းခံထားသမျှကို လျှော့ချတတ်လာပြီး မိမိ၏ နူနယ်သော အားနည်းချက်များကို ထုတ်ပြတတ်လာခဲ့သည်။

ယန်ဝေ့ကျိန်းက သူမကို ရင်ခွင်ထဲသို့ ဆွဲပွေ့ထားလိုက်၏။ သူသည် တန်ယွဲ့ဂျားကို မိမိ၏

သမီးအရင်းကဲ့သို့ အမှန်တကယ် သဘောထား ကြောင်း သူမအား သိစေချင်နေသည်။ သူမနှင့် အတူ လက်တွဲရန် ဆုံးဖြတ်ခဲ့သည့် အချိန် ကတည်းက သူသည် ကိုယ်ပိုင်ရင်သွေး မယူ တော့ရန်ပင် ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ချမှတ် ထားပြီး ဖြစ်ပေသည်။

***